ミャンマー語版(2024)

# သင်က
# ဘယ်လိုအထက်တန်းကျောင်းမျိုးကိုရွေးချယ်မလဲ

あなたはどの高校を選びますか

စိစစ်တည်ဖြတ်ပြီး

改訂版

Hyogo ခရုင် ပညာရေးဘုတ်အဖွဲ့

兵庫県教育委員会

Hyogoခရိုင်တွင်ကျောင်းသားတစ်ဦးချင်စီအလိုက် ကိုယ်ရည်ကိုယ်သွေးနှင့်အရည်အချင်းမြှင့်တင်မှုပညာရပ်များကို လည်ပတ်လုပ်ဆောင်နိုင်ရန် ဆွဲဆောင်မှုရှိသောအထက်တန်းကျောင်းများကိုဖွဲ့စည်းလျှက်ရှိသည်။ ပုံမှန်ဘာသာရပ်နှင့် အထူးပြုဘာသာရပ်၏ပညာရေးလှုပ်ရှားမှုများကို ပိုမိုအာရုံစိုက်၍လုပ်ဆောင်လျက်ရှိပြီး အထွေထွေဘာသာရပ်များ၊ ယူနစ်အလိုက် သတ်မှတ်သောစနစ်(ယူတစ်စနစ်)နှင့် အထူးပြုအထက်တန်းကျောင်း အသစ်များကိုတည်ထောင်ခြင်းတို့ဖြင့် ရွေးချယ်နိုင်သောကျောင်းများလာသည်။

ဤစာမျက်နှာတွင် လျှောက်ထားနိုင်သော Hyogoခရိုင်အထက်တန်းကျောင်းများနှင့် ခရိုင်အတွင်းရှိမြို့အထက်တန်းကျောင်းများ၏ သင်ရိုးညွှန်းတမ်းများ၊ ဘာသာရပ်များဆိုင်ရာထူးခြားချက်များနှင့် ကျောင်းသားရွေးချယ်မှုစနစ်များကို မိတ်ဆက်ပေးထားသောကြောင့် သင်လေ့လာလိုသည့်ဘာသာရပ်နှင့်ကျောင်းကိုရွေးချယ်သည့်အခါမှီငြမ်းကိုးကား၍အသုံးပြုပါ။ ထိုအပြင်အထက်တန်းကျောင်းတစ်ခုစီ၏ Home Pageများကိုလည်း ကြည့်ရှုလေ့လာနိုင်သည်။

# အထက်တန်းကျောင်းဆိုတာဘယ်လိုမျိုးနေရာလဲ ?

## သင်ရိုးညွှန်းတမ်း

ကျောင်းတွင်သင်ယူသည့်အချိန်နှင့်သင်ယူမှုပုံစံပေါ်မူတည်၍ အချိန်ပြည့်စနစ်၊ အချိန်ပိုင်းစနစ်၊ အချိန်းပိုင်းပေါင်းစုံစနစ်နှင့် အဝေးသင်စနစ်များ အဖြစ် ခွဲခြားထားသည်။

### အချိန်ပြည့်စနစ်၊ အချိန်းပိုင်းစနစ်၊ အချိန်ပိုင်းပေါင်းစုံစနစ်၊ အဝေးသင်စနစ်

### အချိန်ပြည့်စနစ်

အတန်းစာသင်ခန်းများ၊ ကျောင်းပွဲများနှင့် အသင်းအဖွဲ့လှုပ်ရှားမှုများကဲ့သို့သောပညာရေးဆိုင်ရာလှုပ်ရှားမှုများကို မနက်ပိုင်းနှင့်နေ့လည်ပိုင်းစဉ် ပြုလုပ်သည်။ အချိန်ဇယားများနှင့် အတန်းအဖွဲ့အစည်းကို အထက်တန်းကျောင်းတစ်ခုစီ၏ အင်္ဂါရပ်များနှင့် အညီရေးဆွဲထားသည်။

### အချိန်ပိုင်းစနစ်

နေ့ခင်းပိုင်း သို့မဟုတ် ညခင်းပိုင်းများ၏ အထူးသတ်မှတ်အချိန်ပိုင်းများတွင် ပညာရေးဆိုင်ရာလှုပ်ရှားမှုများကိုပြုလုပ်ကြသည်။ နေ့လည်(၁)နာရီခန့်မှ ညနေ(၄)နာရီခန့်အထိသင်ကြားသည့်နေ့ခင်းပိုင်းအချိန်ပိုင်းသင်ကြားမှုစနစ်နှင့် ညနေ(၅)နာရီခန့်မှ ည(၉)နာရီခန့်အထိ သင်ကြားသည့် ညခင်းပိုင်းအချိန်ပိုင်းသင်ကြားမှုစနစ်များရှိသည်။

### အချိန်ပိုင်းပေါင်းစုံစနစ်

မနက်ပိုင်း (အပိုင်း ၁)၊ နေ့လည်ပိုင်း (အပိုင်း ၂)နှင့် ညနေပိုင်း (အပိုင်း ၃)ကဲ့သို့သော အပိုင်း(၃)ပိုင်းရှိပြီး ကျောင်းသားများသည် ဤသင်ကြားမှုအပိုင်းများမှတစ်ခုတွင် ပါဝင်၍လေ့လာကြရမည် ဖြစ်သည်။

### အဝေးသင်စနစ်

အဝေးသင်သင်ကြားမှုဖြင့်ပညာရေးဆိုင်ရာလှုပ်ရှားမှုများကိုဆောင်ရွက်မည်ဖြစ်သည်။ ကျောင်းသားများသည်အစီရင်ခံစာများတင်သွင်းခြင်းနှင့် သတ်မှတ်ထားသောနှစ်စဉ်အတန်းများကိုတက်ရောက်ခြင်း (စာသင်ခန်းများတွင်ဆရာတစ်ဦးထံမှ တိုက်ရိုက်သင်ယူခြင်း)စသဖြင့် ယူနစ်များ ရရှိနိုင်သည်။

# ဘာသာရပ်

ဘာသာရပ်တစ်ခုစီတွင် လေ့လာနိုင်သည့်အကြောင်းအရာပေါ်မူတည်၍ ပုံမှန်ဘာသာရပ်၊ အထွေထွေဘာသာရပ်၊ အသက်မွေးဝမ်းကျောင်းပညာရပ်ကို အဓိကထားဆောင်ရွက်သောဘာသာရပ် (အသက်မွေးဝမ်းကျောင်းပညာဘာသာရပ်)၊ ထူးခြားသောအတူးပြုဘာသာရပ်များရှိသည်။

## ပုံမှန်ဘာသာရပ်၊ အထွေထွေဘာသာရပ်၊ အထူးပြုဘာသာရပ်

### ပုံမှန်ဘာသာရပ်

ပုံမှန်ဘာသာရပ်များတွင်ဂျပန်ဘာသာ၊ ပထဝီဝင်နှင့်သမိုင်း၊ ပြည်သူ့ဘာသာရပ်၊ သင်္ချာ၊ သိပ္ပံနှင့် အင်္ဂလိပ်စာစသည့်ဘာသာရပ်များကို အဓိကလေ့လာသင်ယူကြသည်။ ကျောင်းသားများသည် ၎င်းတို့၏အသက်မွေးဝမ်းကျောင်းဆန္ဒနှင့်ဝါသနာများအလိုက် ဘာသာရပ်များကို စနစ်တကျရွေးချယ်နိုင်စေရန် အတွက်၊ ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ်များအပြင် အနုပညာအမျိုးအစား၊ ဘဝသိပ္ပံအမျိုးအစား၊ လူမှုဖူလုံရေးနှင့်ပရဟိတလုပ်ငန်းအမျိုးအစားနှင့် ပညာရေးအမျိုးအစား အစရှိသည့် ထူးခြားသော"ruikei (အမျိုးအစား)"များကိုလေ့လာနိုင်သောအထက်တန်းကျောင်းများလည်းရှိသည်။

ထို့အပြင် အမျိုးအစားမခွဲခြားဘဲ သင်ယူမှုလိုအပ်ချက်များစွာကိုဖြည့်ဆည်းနိုင်ရန် "သတင်းအချက်အလက်စီမံဆောင်ရွက်ခြင်း" နှင့် "လူမှုဖူလုံရေးအခြေခံများ" အစရှိသည့် အထူးပြုဘာသာရပ်များအပါအဝင် ရွေးချယ်နိုင်သောဘာသာရပ်များစွာရှိသည်။

ထို့အပြင် ဒေသန္တရများ၏အခြေအနေနှင့် ကျောင်းသားများ၏သင်ယူမှုလိုအပ်ချက်များကိုအခြေခံ၍ နယ်ပယ်အသီးသီးနှင့်ပတ်သက်၍ သင်ကြားပေးသည့် နိုင်ငံတကာယဉ်ကျေးမှုသင်တန်း (course)၊ သဘာဝသိပ္ပံသင်တန်း၊ ကျန်းမာရေးနှင့်လူမှုဖူလုံရေးသင်တန်းနှင့် အထွေထွေလူသားလေ့လာမှုသင်တန်းများကိုသင်ကြားပေးသည့်အထက်တန်းကျောင်းများလည်းရှိသည်။

### အထွေထွေဘာသာရပ်

အထွေထွေဘာသာရပ်တွင် ကျောင်းသားများသည် ၎င်းတို့၏စိတ်ဝင်စားမှု၊ အလေးထားမှုများနှင့် အသက်မွေးဝမ်းကျောင်းဆန္ဒများအလိုက် အထွေထွေဘာသာရပ်နှင့် အထူးပြုဘာသာရပ်နှစ်ခုစလုံးမှ မိမိကိုယ်တိုင်ရွေးချယ်လေ့လာနိုင်သည်။

အနာဂတ်အတွက်အသက်မွေးဝမ်းကျောင်းနှင့် ဘဝနေထိုင်မှုပုံစံများကိုတွေးတောရန် အားပေးသည့်ဘာသာရပ်ဖြစ်သော "စက်မှုလူ့အဖွဲ့အစည်းနှင့် လူသားများ" အစရှိသောဘာသာရပ်မျိုးစုံကိုလေ့လာခြင်းဖြင့် ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းလမ်းကြောင်းများနှင့် ဆက်စပ်သောအသိပညာများကို တိုးပွားစေသည်။

လေ့လာရန်ရွေးချယ်နိုင်သော ဘာသာရပ်သည်များစွာရှိပြီး ၎င်းတို့သည် "keiretsu (အစဉ်လိုက်ဘာသာရပ်)" ဟူသောအုပ်စုများကိုခွဲကာ အထက်တန်းကျောင်းတစ်ခုစီတွင် ထူးခြားသောအင်္ဂါရပ်များရှိသည့် အစဉ်လိုက်ဘာသာရပ် များစွာရှိသည်။

### <u>အသက်မွေးဝမ်းကျောင်း ပညာရပ်ကိုအဓိကထားသည့်ဘာသာရပ် (အသက်မွေးဝမ်းကျောင်းပညာဘာသာရပ်)</u>

စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်ရေးစသည့်နယ်ပယ်အသီးသီးတွင် ကျွမ်းကျင်သူများဖြစ်လာစေရန် ရည်ရွယ်ချက်ဖြင့်အထူးပြုအကြောင်းအရာများကိုလေ့လာမည်ဖြစ်သည်။ ဇီဝနည်းပညာနှင့် ကွန်ပြူတာကဲ့သို့သော ခေတ်မီဘာသာရပ်များစွာရှိသည်။
ထို့အပြင် ဗိသုကာပညာ၊ စာရင်းရေးသွင်းခြင်းနှင့် သတင်းအချက်အလက်ကိုင်တွယ်ခြင်းစသည့် ကျွမ်းကျင်မှုနယ်ပယ်အသီးသီးနှင့် အံဝင်ခွင်ကျဖြစ်စေသော အရည်အချင်းလက်မှတ်များစွာကိုလည်းရရှိနိုင်သည်။

### ထူးခြားသောအထူးဘာသာရပ်

အသက်မွေးဝမ်းကျောင်းပညာဘာသာရပ်များအပြင်၊ တစ်ဦးချင်းစီ၏မတူကွဲပြားသောကိုယ်ရည်ကိုယ်သွေးများကို ဖြည့်ဆည်းပေးရန်အတွက် အထူးပြုဘာသာရပ် အမျိုးမျိုးလည်းရှိသည်။ အားကစား၊ အနုပညာ၊ သိပ္ပံနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးစသည့် နယ်ပယ်အသီးသီးတွင် အထူးပြုကျွမ်းကျင်မှုနှင့်အသိပညာများနှင့် လူသားဆန်ခြင်းကိုဆည်းပူး၍ အနာဂတ်တွင်လူ့အဖွဲ့အစည်း၏ နယ်ပယ်အသီးသီးတွင် တက်ကြွစွာပါဝင်ဆောင်ရွက်နိုင်မည့်လူသားများဖြစ်စေရန် ပညာသင်ကြားပေးမည်ဖြစ်သည်။

### ယူနစ်စနစ်

အတန်းတစ်ခုစီအတွက် ယူနစ်အလိုက်သတ်မှတ်၍ နောက်တစ်တန်းသို့တက်မည့်အတန်းစနစ်အပြင်၊ ၁၉၉၄ ခုနှစ်ကတည်းက သင်ယူမှုယူနစ်စနစ်အသစ်ဟုခေါ်သည့် ပိုမိုပြောင်းလွယ်ပြင်လွယ်ရှိသော စနစ်အသစ်ကိုစတင်ဆောင်ရွက်ခဲ့သည်။

"ယူနစ်"သည် သင်ယူမှုပမာဏကို ညွှန်ပြသည့်စံနှုန်းတစ်ခုဖြစ်ပြီး သတ်မှတ်အတန်းအချိန်များကိုအဆက်မပြတ် သင်ယူလုပ်ဆောင်ကာ အထက်တန်းကျောင်းမှ သတ်မှတ်ထားသော အတန်းတက်ရောက်မှုနှင့်အမှတ်စာရင်များ၏ လိုအပ်ချက်များအလိုက် အသိအမှတ်ပြုခြင်းဖြစ်သည်။ ၎င်းကို "ယူနစ်ကိုသင်ယူရရှိခြင်း"ဟုခေါ်သည်။ ကျောင်းသားများ၏စာသင်နှစ်အလိုက်မဟုတ်ဘဲ လိုအပ်သောယူနစ်များကိုသင်ယူရရှိခြင်းဖြင့် ဘွဲ့လက်မှတ်အတည်ပြုပေးသည်မှာ ယူနစ်စနစ်ကျင့်သုံးသောအထက်တန်းကျောင်းများ၏ ထူးခြားချက်ဖြစ်သည်။ အထွေထွေဘာသာရပ်များတွင်း လည်း ယူနစ်စနစ်ကို လက်ခံကျင့်သုံးသည်။

### အလယ်တန်းနှင့် အထက်တန်းကျောင်း ပူးတွဲပညာရေးကျောင်း

အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်း၏ခြောက်နှစ်တာကာလကိုချိတ်ဆက်ရာနှင့် လိုက်လျောညီထွေရှိသောပညာရေးဆိုင်ရာလှုပ်ရှားမှုများ ဆောင်ရွက်ရာမှာ ကျောင်းသားများ၏ ကိုယ်ရည်ကိုယ်သွေးနှင့် တီထွင်ဖန်တီးနိုင်စွမ်းကို ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ထားသည်။

အလယ်တန်းနှင့်အထက်တန်းကျောင်းပူးတွဲပညာရေးကျောင်းဆိုသည်မှာ (၁) အလယ်တန်းနှင့်အထက်တန်းကျောင်းများကိုတစ်ခုတည်းကျောင်းအဖြစ် ပေါင်းစပ်ပညာပေးသော"အလယ်တန်းပညာရေးကျောင်းများ"၊ (၂) အဖွဲ့အစည်းတစ်ခုတည်းသည် ဖွဲ့စည်းထားသည့်အလယ်တန်းနှင့်အထက်တန်းကျောင်းကို ပူးတွဲထားပြီး အလယ်တန်းပညာရေးကျောင်းများနှင့်အညီ အလယ်တန်းနှင့်အထက်တန်းကျောင်းပူးတွဲပညာရေးပေးသော "ဖက်စပ်အလယ်တန်းနှင့် အထက်တန်းကျောင်းပူးတွဲပညာရေးကျောင်း"နှင့် (၃) လက်ရှိရှိနေသောမြို့နယ်ရပ်ကွက်အလယ်တန်းကျောင်းများနှင့်ခရိုင်အထက်တန်းကျောင်းများသည် ပညာရေးသင်ရိုးညွှန်းတမ်းဖွဲ့စည်းခြင်းနှင့် ဆရာများနှင့်ကျောင်းသားများအချင်းချင်းဖလှယ်ခြင်းကို နက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်ရန်အတွက် အလယ်တန်းနှင့်အထက်တန်းကျောင်းပူးတွဲပညာရေးပေးသော "တွဲဖက်အလယ်တန်းနှင့် အထက်တန်းပူးတွဲပညာရေးကျောင်း"များရှိသည်။

(အလယ်တန်းပညာရေးကျောင်း) Ashiya နိုင်ငံတကာအလယ်တန်းကျောင်း (အထက်တန်းကျောင်းဝင်ခွင့်အတွက် ရွေးချယ်မှုမရှိပါ။)

(ဖက်စပ်အလယ်တန်းနှင့်အထက်တန်းပူးတွဲပညာရေးကျောင်း) ခရိုင်တက္ကသိုလ်ပူးတွဲအလယ်တန်းကျောင်းများနှင့် ခရိုင်တက္ကသိုလ်ပူးတွဲအထက်တန်းကျောင်းများ

(တွဲဖက်အလယ်တန်းနှင့်အထက်တန်းပူးတွဲပညာရေးကျောင်း) Aogakiအလယ်တန်းကျောင်း၊ Hikamiအလယ်တန်းကျောင်းနှင့် Hikami Nishiအထက်တန်းကျောင်း၊ Chikusaအလယ်တန်းကျောင်းနှင့် Chikusaအထက်တန်းကျောင်း

## အထက်တန်းကျောင်းကိုရွေးချယ်ကြရအောင်

### သင်ကြားတက်ရောက်နယ်ပယ် (ကျောင်းနယ်မြေ) ဆိုင်ရာ

ဆွဲဆောင်မှုရှိသောအထက်တန်းကျောင်းများကိုဖန်တီးမြှင့်တင်ပြီး အထက်တန်းကျောင်းရွေးချယ်မှုအများအပြားလုပ်ဆောင်နိုင်ရန် အစိုးရအထက်တန်းကျောင်း၏အချိန်ပြည့်ပုံမှန်ဘာသာရပ် (ယူနစ်စနစ်အပါအဝင်)နှင့် အထွေထွေဘာသာရပ်များ၏ သင်ကြားတက်ရောက်နယ်ပယ်မှာ (၂၀၁၅-၂၀၁၆)ပညာသင်နှစ်မှ ဝင်ခွင့်ရွေးချယ်မှုတွင် ကျောင်းနယ်မြေ (၅)ခုရှိသည်။




ပုံမှန်ဘာသာရပ်(ယူနစ်စနစ်)နှင့် အထွေထွေဘာသာရပ်၏ထောက်ခံချက်ဖြင့်ဝင်ခွင့်ပြုခြင်း၊ အထူးပြုဘာသာရပ် (အသက်မွေးဝမ်းကျောင်းပညာကိုအဓိကထားသော ဘာသာရပ်များနှင့် ထူးခြားသောအထူးပြုဘာသာရပ်များ)၊ အချိန်ပိုင်းစနစ်၊ အချိန်ပိုင်းပေါင်းစုံစနစ်နှင့်အဝေးသင်စနစ်ကျင့်သုံးသော အထက်တန်းကျောင်းများသည် မူအရ ခရိုင်တစ်ဝှမ်းလုံးမှကျောင်းသားများသည်လျှောက်လွှာများ တင်သွင်းနိုင်သည်။

## ကျောင်းဝင်ခွင့် ရွေးချယ်မှုဆိုင်ရာ

**ပုံမှန်ဘာသာရပ်(ယူနစ်စနစ်အပါအဝင်)ကိုသင်ကြားလိုသူ　※တွဲဖက်အလယ်တန်းနှင့် အထက်တန်းကျောင်းပူတွဲပညာရေးကျောင်းမပါဝင်**

| | |
|---|---|
| ၂လပိုင်းစာမေးပွဲ | ○**အထူးရွေးချယ်မှု**　အချိန်ပြည့်ပုံမှန်ဘာသာရပ်(ယူနစ်စနစ်မပါဝင်)၏ အထူးအမျိုးအစားများအလိုက် ဆောင်ရွက်ပေးသည်။ အင်တာဗျူး၊စာစီစာကုံးအတိုစသည်တို့ (ကျောင်းသားခေါ်ယူမှု၏ ၂၀%အထိ (အများဆုံး အယောက်၄၀ ))<br>○**ထောက်ခံချက်ဖြင့်ဝင်ခွင့်ပြုခြင်း**　အချိန်ပြည့်ပုံမှန်ဘာသာရပ် (ယူနစ်စနစ်)-အင်တာဗျူးနှင့် အရည်အချင်းစစ်စာမေးပွဲ စသည်တို့(ကျောင်းသားခေါ်ယူမှု၏၅၀%)<br>※ထူးခြားသောအမျိုးအစား(ruikei)နှင့် သင်တန်း(course)ကို ကျောင်းနယ်မြေများအတွင်း၌ ဖြေဆိုနိုင်သည်။<br>※အချိန်ပြည့်ပုံမှန်ဘာသာရပ် (ယူနစ်စနစ်)ကို ခရိုင်တစ်ဝှမ်းလုံးမှကျောင်းသားများသည် တက်ရောက်ဖြေဆိုနိုင်သည်။<br>※ Ieshimaအထက်တန်းကျောင်းနှင့် Ikunoအထက်တန်းကျောင်းတို့သည် ခရိုင်တစ်ဝှမ်းလုံးမှကျောင်းသားများနှင့် Muraokaအထက်တန်းကျောင်းသည် နိုင်ငံတစ်ဝှမ်းမှကျောင်းသားများကိုလက်ခံကာ ကျောင်းသားခေါ်ယူမှု၏ ၅၀% အထိ အထူးရွေးချယ်မှုစနစ်ဖြင့်ရွေး ချယ်မည်ဖြစ်သည်။ |
| ၃လပိုင်းစာမေးပွဲ | ○**ဘာသာရပ်စာမေးပွဲ**　ကျောင်းနယ်မြေအတွင်း၌ ဖြေဆိုနိုင်သည်။<br>ကျောင်းအရေအတွက်များစွာ လျှောက်လွှာတင်ဖြေဆိုမှု |

### ကျောင်းအရေအတွက်များစွာလျှောက်လွှာတင်ဖြေဆိုမှုဆိုင်ရာ

အစိုးရကျောင်းအချိန်ပြည့်ပုံမှန်ဘာသာရပ် (ယူနစ်စနစ်ပါဝင်)နှင့် အထွေထွေဘာသာရပ်များသင်ကြားပေးသော အထက်တန်းကျောင်းတွင် လုပ်ဆောင်သည်။
(သို့သော် သင်တန်း၊တွဲဖက်အလယ်တန်းနှင့် အထက်တန်းကျောင်းပူတွဲပညာရေးကျောင်းများမပါဝင်။)

- ကိုယ်ရည်ကိုယ်သွေးနှင့်အရည်အချင်းများအပေါ်အခြေခံ၍ အထက်တန်းကျောင်းများကိုရွေးချယ်နိုင်ပြီး ကျောင်းတစ်ကျောင်း သို့မဟုတ် နှစ်ကျောင်းကို လျှောက်ထားနိုင်သည်။
- လျှောက်ထားသူများ၏ ပထမဆုံးရွေးချယ်သည့်ကျောင်းကိုပံ့ပိုးရန် သတ်မှတ်အမှတ်ကို ပထမရွေးချယ်ထားသောကျောင်း၏စာမေးပွဲအမှတ်နှင့် ပေါင်းထည့်၍ အောင်မအောင်ဆုံးဖြတ်ပေးမည်ဖြစ်သည်။
- အထွေထွေဘာသာရပ်တစ်ခုသာလျှောက်လိုပါက၊ ဘာသာရပ်စာမေးပွဲထဲမှဘာသာရပ်တစ်ခုကို ဂီတဘာသာရပ်၊ အနုပညာဘာသာရပ်၊ ကျန်းမာရေးနှင့်ကာယပညာဘာသာရပ် သို့မဟုတ် နည်းပညာနှင့်အိမ်တွင်းမှုဘာသာရပ် လေးခုထဲမှဖြေဆိုလိုသောဘာသာရပ်တစ်ခု၏လက်တွေ့ဖြေဆိုမှုနှင့် အစားထိုး၍ဖြေဆိုနိုင်သည်။

### အထွေထွေဘာသာရပ်ကို လျှောက်ထားလိုသူ

| | |
|---|---|
| ၂လပိုင်းစာမေးပွဲ | ○**ထောက်ခံချက်ဖြင့်ဝင်ခွင့်ပြုခြင်း**　ခရိုင်တစ်ဝှမ်းလုံးမှကျောင်းသားများသည် ဖြေဆိုနိုင်သည်<br>အင်တာဗျူး၊ စာစီစာကုံးအတို （ကျောင်းသားခေါ်ယူမှု၏ ၅၀%） |
| ၃လပိုင်းစာမေးပွဲ | ○**ဘာသာရပ်စာမေးပွဲ**　ကျောင်းနယ်မြေအတွင်း၌ ဖြေဆိုနိုင်သည်<br>ကျောင်းအရေအတွက်များစွာ လျှောက်လွှာတင်ဖြေဆိုမှု |

အထွေထွေဘာသာရပ်ရွေးချယ်မှုတွင် ကျောင်းသားခေါ်ယူမှု၏၅၀%ကို ထောက်ခံချက်ဖြင့်ဝင်ခွင့်ပြုမပြုကိုဆုံးဖြတ်မည်။

ထောက်ခံချက်ဖြင့်ဝင်ခွင့်ပြုခြင်းစာမေးပွဲကို ဖြေဆိုနိုင်သောနယ်မြေမှာ ခရိုင်တစ်ဝှမ်းလုံးဖြစ်သည်။ ကျောင်းသားခေါ်ယူမှုလူဦးရေမှ ထောက်ခံချက်များဖြင့်ဝင်ခွင့်စာမေးပွဲအောင်မြင်သူများကိုဖယ်ရှားပြီးနောက် ကျန်ရှိသောသူများကို အထက်တန်းကျောင်းတည်ရှိရာ ကျောင်းနယ်မြေတွင် ဘာသာရပ်စာမေးပွဲ (ကျောင်းအရေအတွက်များစွာလျှောက်လွှာတင်ဖြေဆိုမှု) ဖြင့် အောင်မအောင်ဆုံးဖြတ်မည်။

**အထူးပြုဘာသာရပ်(အသက်မွေးဝမ်းကျောင်းပညာအဓိကလေ့လာသောဘာသာရပ်(အသက်မွေးဝမ်းကျောင်းဘာသာရပ်) · ထူးခြားသောအထူးပြုဘာသာရပ်)ကိုလျှောက်ထားလိုသူ**

| | |
|---|---|
| ၂လပိုင်းစာမေးပွဲ | **○ထောက်ခံချက်ဖြင့်ဝင်ခွင့်ပြုခြင်း** ခရိုင်တစ်ဝှမ်းလုံးမှကျောင်းသားများသည် ဖြေဆိုနိုင်သည်<br>အင်တာဗျူး၊ စာစီစာကုံးအတို<br>(အသက်မွေးဝမ်းကျောင်းပညာဘာသာရပ်မှာ ကျောင်းသားခေါ်ယူမှု၏၅၀%၊ ထူးခြားသောအထူးပြုဘာသာရပ်မှာ ကျောင်းသားခေါ်ယူမှု၏ ၁၀၀%ဖြစ်သည်။)<br>※သို့သော် အသက်မွေးဝမ်းကျောင်းပညာဘာသာရပ်ထဲမှအောက်ပါကျောင်းများ၏ကျောင်းသာခေါ်ယူမှုမှာ ၁၀၀% ဖြစ်သည်။<br>Kobeကူးသန်းရောင်းဝယ်ရေး(သတင်းအချက်အလက်နှင့် စာရင်းကိုင်)၊ Akashiမြို့ကူးသန်းရောင်းဝယ်ရေး(နိုင်ငံတကာစာရင်းကိုင်)၊ Himeji နည်းပညာ(လျှပ်စစ်စက်ပစ္စည်း)၊ Himejiကူးသန်းရောင်းဝယ်ရေး(သတင်းအချက်အလက်သိပ္ပံ)၊ Mukonosoအထွေထွေ (သက်သာချောင်ချိရေး သုတေသန)၊ TatsunoKita (သူနာပြုနှင့် အထွေထွေသက်သာချောင်ချိရေး)၊ Hidaka (သူနာပြုနှင့် သက်သာချောင်ချိရေး) ကျောင်းများ |
| ၃လပိုင်းစာမေးပွဲ | **○ ဘာသာရပ်စာမေးပွဲ** ခရိုင်တစ်ဝှမ်းလုံးမှကျောင်းသားများသည် ဖြေဆိုနိုင်သည်။<br>တစ်ကျောင်းတည်းရွေးချယ် ※ကျောင်းအလိုက် အောင်မြင်သူများကို စိစစ်သတ်မှတ်မည်ဖြစ်သည်။ |

အထူးပြုဘာသာရပ်အတွက် ကျောင်းနယ်မြေမှာ ခရိုင်တစ်ဝှမ်းလုံးဖြစ်သည်။ ဘာသာရပ်စာမေးပွဲများနှင့် ထောက်ခံချက်ဖြင့်ဝင်ခွင့်ပြုခြင်းစာမေးပွဲ နှစ်ခုစလုံးကိုဆောင်ရွက်သည့်ဘာသာရပ်များရှိပြီး ထူးခြားသောအထူးပြုဘာသာရပ်များကဲ့သို့သော ကျောင်းသာခေါ်ယူမှု၏၁၀၀%အတွက် ထောက်ခံချက်ဖြင့် ဝင်ခွင့်ပြုခြင်းစာမေးပွဲများကို လုပ်ဆောင်သည့်ဘာသာရပ်များရှိသည်။

**တွဲဖက်အလယ်တန်းနှင့် အထက်တန်းကျောင်းပူတွဲပညာရေးကျောင်း (Hikami Nishiအထက်တန်းကျောင်း၊ Chikusa အထက်တန်းကျောင်း) ကိုလျှောက်ထားလိုသူ**

| | |
|---|---|
| ၂လပိုင်းစာမေးပွဲ | **○ထောက်ခံချက်ဖြင့်ဝင်ခွင့်ပြုခြင်း** တွဲဖက်အလယ်တန်းကျောင်းသားများအတွက် ဆောင်ရွက်ပေးခြင်းဖြစ်သည်။<br>အင်တာဗျူးနှင့် အရည်အချင်းစစ်စာမေးပွဲ (ကျောင်းသားခေါ်ယူမှု၏၇၅%) |
| ၃လပိုင်းစာမေးပွဲ | ○ဘာသာရပ်စာမေးပွဲ ခရိုင်တစ်ဝှမ်းလုံးမှကျောင်းသားများသည် ဖြေဆိုနိုင်သည်။<br>တစ်ကျောင်းတည်းရွေးချယ်ဖြေဆိုမှု ※ကျောင်းအလိုက် ဖြေဆိုအောင်မြင်သူများကို စိစစ်သတ်မှတ်မည်ဖြစ်သည်။ |

တွဲဖက်အလယ်တန်းနှင့်အထက်တန်းကျောင်းပူတွဲပညာရေးကျောင်းများတွင် ကျောင်းသားခေါ်ယူမှု၏၇၅%ကို တွဲဖက်ထားသောအလယ်တန်းကျောင်းသားများ အတွက်သာရည်ရွယ်၍ ထောက်ခံချက်ဖြင့်ဝင်ခွင့်ပြုခြင်းစာမေးပွဲလုပ်ဆောင်မည်ဖြစ်သည်။
ကျောင်းသားခေါ်ယူမှုဦးရေမှ ထောက်ခံချက်များဖြင့်ဝင်ခွင့်စာမေးပွဲအောင်မြင်သူများကိုဖယ်ရှား၍ ကျန်ရှိသောလူဦးရေအတွက် ဘာသာရပ်စာမေးပွဲများ ပြုလုပ်ပြီး အထက်တန်းကျောင်းအလိုက် အောင်မြင်သူများကို စိစစ်သတ်မှတ်မည်။ ဘာသာရပ်စာမေးပွဲကို ခရိုင်တစ်ဝှမ်းလုံးမှကျောင်းသားများသည် ဖြေဆိုနိုင်သည်။

**အချိန်ပိုင်းစနစ်၊ အချိန်ပိုင်းပေါင်းစုံစနစ်နှင့် အဝေးသင်စနစ်များကို လျှောက်ထားလိုသူ**

| | |
|---|---|
| ၂လပိုင်းစာမေးပွဲ | အချိန်ပိုင်းပေါင်းစုံစနစ် - ပထမပိုင်းစာမေးပွဲ (အင်တာဗျူးနှင့် စာစီစာကုံး) |
| ၃လပိုင်းစာမေးပွဲ | အချိန်ပိုင်းစနစ် - ဘာသာရပ်စာမေးပွဲ (၅ ဘာသာ)<br>အချိန်ပိုင်းပေါင်းစုံစနစ် - ဒုတိယပိုင်းစာမေးပွဲ A (ဘာသာရပ်စာမေးပွဲနှင့် အင်တာဗျူး)<br>အဝေးသင်စနစ် - အင်တာဗျူး |

အချိန်ပိုင်းစနစ်၊ အချိန်ပိုင်းပေါင်းစုံစနစ်နှင့် အဝေးသင်စနစ်များကို ခရိုင်တစ်ဝှမ်းလုံးမှကျောင်းသားများသည်ဖြေဆိုနိုင်သည်။ အချိန်ပိုင်းစနစ်ရွေးချယ်မှုတွင် ဘာသာရပ်စာမေးပွဲ(၅ဘာသာ)ကို ဖြေဆိုရမည်ဖြစ်သည်။ အချိန်ပိုင်းပေါင်းစုံစနစ်ရွေးချယ်မှုမှာ ပထမပိုင်းစာမေးပွဲနှင့်ဒုတိယပိုင်းစာမေးပွဲAရှိသည်။ ပထမပိုင်းစာမေးပွဲတွင် အင်တာဗျူးနှင့်စာစီစာကုံးဖြေဆိုရမည်ဖြစ်သည်။ ဒုတိယပိုင်းစာမေးပွဲAတွင် ဘာသာရပ်စာမေးပွဲ၏အကြောင်းအရာများကို ကျောင်းတစ်ခုစီမှ ဆုံးဖြတ်မည်ဖြစ်သည်။ ထို့ပြင် ကျောင်းအပြောင်းအရွှေ့ရှိသောကျောင်းသားများအတွက် ဒုတိယပိုင်းစာမေးပွဲB (၃လပိုင်း လလယ်)နှင့် အလယ်တန်းကျောင်းဆင်းများအတွက် တတိယပိုင်းစာမေးပွဲ (၈လပိုင်း)ကိုကျင်းပမည်ဖြစ်သည်။ အဝေးသင်စနစ်ရွေးချယ်မှုအနေဖြင့် အင်တာဗျူးဖြေဆိုမှု လုပ်ဆောင်မည်ဖြစ်သည်။

# နိုင်ငံခြားကျောင်းသားများအတွက်အထူးရွေးချယ်မှု

| | |
|---|---|
| ၂လပိုင်းစာမေးပွဲ | ကျောင်းသားခေါ်ယူမှု (၁၈)ဦး (အတည်ပြုကျောင်း (၆)ကျောင်း×တစ်ကျောင်းကို (၃)ဦး)<br>Prefectural Kobe Kohoku High School (အထွေထွေဘာသာရပ်)၊<br>Prefectural Ashiya High School (ယူနစ်စနစ်)<br>Kobe Municipal Suma Shofu High School (အထွေထွေဘာသာရပ်)၊<br>Prefectural Itami Kita High School (အထွေထွေဘာသာရပ်)၊<br>Prefectural Kakogawa Minami High School (အထွေထွေဘာသာရပ်)၊<br>Prefectural Kodera High School (အထွေထွေဘာသာရပ်)<br>ခရိုင်တစ်ဝှမ်းလုံးမှကျောင်းသားများသည် စားမေးပွဲဖြေဆိုနိုင်သည်။<br>အရည်အချင်းစစ်စာမေးပွဲ (ဂျပန်၊ သင်္ချာ၊ အင်္ဂလိပ်) နှင့် အင်တာဗျူး<br>※ထောက်ခံချက်ဖြင့်ဝင်ခွင့်ပြုခြင်းစာမေးပွဲနှင့် အထူးရွေးချယ်မှုစာမေးပွဲများကို တစ်ရက်အတွင်း၌ အတည်ပြုလုပ်ဆောင်မည်။ |

ခရိုင်အချိန်ပြည့်အထက်တန်းကျောင်းတွင် ပညာသင်ကြားလိုသော်လည်း ဂျပန်သို့ရောက်ရှိလာသည်မှာ နှစ်မကြာသေးသောကြောင့် ဂျပန်ဘာသာစကားနှင့် ဆက်သွယ်ပြောဆိုမှုတွင် အပြည့်အဝမကျွမ်းကျင်သေးသောကျောင်းသားများအတွက် ကျောင်းသားများရွေးချယ်သောနည်းလမ်းကိုကောင်းမွန်စွာလုပ်ဆောင်၍ ကျောင်းအပ်ပြီးနောက်တွင်လည်း သင်ကြားရေးဆိုင်ရာပံ့ပိုးမှုလုပ်ဆောင်နိုင်သည့်အထူးကျောင်းသားခေါ်ယူမှုရွေးချယ်ခြင်းကို ကျောင်း (၆)ကျောင်းတွင် ကျင်းပမည်ဖြစ်သည်။ မအောင်မြင်ပါက (၃)လပိုင်းတွင် ဘာသာရပ်စာမေးပွဲကိုဖြေဆိုနိုင်သည်။

လျှောက်လွှာအတွက်လိုအပ်သောအရည်အချင်းအချက်အလက်များကို ခရိုင်ပညာရေးဘုတ်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ရုံး အထက်တန်းပညာရေးဌာနထံသို့ ဆက်သွယ်မေးမြန်းပါ။

ရွေးချယ်မှုလုပ်ငန်းစဉ်စသဖြင့် အသေးစိတ်အချက်အလက်များကို ကျောင်းတစ်ခုစီ၏ ကျောင်းသာခေါ်ယူမှုလမ်းညွှန်ချက်များ (၁၁လပိုင်း လလယ်ခန့်)ကို စစ်ဆေးပါ။

# မေးခွန်း နှင့် အဖြေ

မေးခွန်း သင်ယူလေ့လာချင်သောကျောင်းနှင့် ပတ်သက်၍ မိမိကိုယ်တိုင်ရှာဖွေးရန် မည်ကဲ့သို့လုပ်ဆောင်ရပါသနည်း။

အဖြေ အများစုသောကျောင်း၌ (၆)～(၁၂)လပိုင်းတွင် "ကျောင်းသို့လာရောက်ကြည့်ရှုလေ့လာနိုင်မှု"များပြုလုပ်ပြီး၊ ထိုအခါမျိုးတွင်ကျောင်းသို့ သွားရောက်၍ ထိုကျောင်း၏ထူးခြားသောပညာရေးဆိုင်ရာလှုပ်ရှားမှုများနှင့်ပတ်သက်သောရှင်းလင်းချက်များကိုနားထောင်နိုင်ပြီး အစမ်းလေ့ကျင့်မှုတွင် ပါဝင်နိုင်ပါသည်။ ထို့အပြင် ကျောင်းများစွာတွင် ၎င်းတို့၏ကိုယ်ပိုင် Home Pageများရှိသောကြောင့် ကျောင်းအကြောင်းကိုပိုမိုသိရှိရန် အင်တာနက်ကို အသုံးပြု၍ ရှာဖွေလေ့လာနိုင်ပါသည်။

၎င်းအပြင် ခရိုင်ပညာရေးဘုတ်အဖွဲ့၏ Home Pageများမှ ကြည့်ရှုနိုင်ပါသည်။

https://www2.hyogo-c.ed.jp/hpe/koko/nyuushi/syoukaipamphlet/

စုံစမ်းမေးမြန်းရန်

**Hyogoခရိုင်ပညာရေးဘုတ်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ရုံးအထက်တန်းကျောင်းပညာရေးဌာန**

လိပ်စာ〒670-8567 Kobe-Shi Chuo-ku Shimoyamadori 5-10-1 ဖုန်း (၀၇၈) ၃၆၁-၇၇၁၁ (ကိုယ်စားလှယ်)